**အသေးစိတ်စည်းကမ်းသတ်မှတ်ချက်များ**

**(MPT IPTV ဝန်ဆောင်မှုအတွက်)**

**ဤဝန်ဆောင်မှုကို အသုံးပြုခြင်းအားဖြင့် ဝန်ဆောင်မှုရယူသူသည် ဤအသေးစိတ်စည်းကမ်းသတ်မှတ်ချက်များနှင့် MPT ၏ အထွေထွေစည်းကမ်းသတ်မှတ်ချက်များကိုဖတ်ရှုပြီး ကောင်းစွာနားလည်သဘောပေါက်၍ အားလုံးသောစည်းကမ်းချက်များကို လက်ခံလိုက်နာရန် သဘောတူညီပါသည်။**

ယခုစာမျက်နှာတွင် MPT IPTV မှတဆင့် ထောက်ပံ့ပေးသော (သို့မဟုတ်) MPT IPTV နှင့်စပ်လျဉ်းသည့် ဝန်ဆောင်မှု၊ ဝက်ဆိုက် (နှင့်/သို့မဟုတ်) ဆော့ဝဲလ်တို့ (“**ဝန်ဆောင်မှု**”) အား အသုံးပြုရာ၌ ဝန်ဆောင်မှုရယူသူအနေဖြင့် လိုက်နာရမည့် စည်းကမ်းချက်များအား ရှင်းလင်းဖော်ပြထားပါသည်။

ဤဝန်ဆောင်မှုအား အသုံးပြုခြင်းအားဖြင့် ဤအသေးစိတ်စည်းကမ်းသတ်မှတ်ချက်များနှင့် အခြားသောဆက်စပ်သည့် သက်ဆိုင်ရာ စည်းမျဉ်းများ၊ မူဝါဒများနှင့် စည်းကမ်းချက်များ (“**အသေးစိတ်စည်းကမ်းချက်များ**”) အား ဖတ်ရှုနားလည်ပြီး သဘောတူလက်ခံကြောင်း ဝန်ဆောင်မှုရယူသူမှ အသိအမှတ်ပြုပါသည်။ ဤအသေးစိတ်စည်းကမ်းချက်များအား MPT ၏ အထွေထွေစည်းကမ်းသတ်မှတ်ချက်များ (“**အထွေထွေစည်းကမ်းချက်များ**”) ၊ ဤအသေးစိတ်စည်းကမ်းချက်များ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် MPT ၏ သီးသန့်ကိုယ်ရေးအချက်အလက်ဆိုင်ရာမူဝါဒ (“**ကိုယ်ရေးအချက်အလက်မူဝါဒ**”) များနှင့်အတူ ပူးတွဲဖတ်ရှုရမည်။ အကယ်၍ အသေးစိတ်စည်းကမ်းချက်များနှင့် အထွေထွေစည်းကမ်းချက်များ (သို့မဟုတ်) ကိုယ်ရေးအချက်အလက်မူဝါဒအကြား ကွဲလွဲမှုတစ်စုံတစ်ရာရှိပါက အသေးစိတ်စည်းကမ်းချက်များတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များက အထွေထွေစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်များကို ကွဲလွဲမှုရှိသည့်အတိုင်းအတာအလျောက် လွှမ်းမိုးအတည်ဖြစ်စေရမည်။

**၁။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

သီးခြားအဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသည့် ဤအသေးစိတ်စည်းကမ်းချက်များတွင်ပါရှိသော စာလုံးအကြီးဖြင့် ရေးသားထားသည့်စကားရပ်များအား အထွေထွေစည်းကမ်းချက်များတွင် သတ်မှတ်ထားသည့်အတိုင်း ထပ်တူအဓိပ္ပာယ်ကောက်ယူရမည်။

(က) “**အပလီကေးရှင်း**” (သို့မဟုတ်) “**App**” ဆိုသည်မှာ MPT IPTV ဝန်ဆောင်မှုအတွက် အသုံးပြုမည့် Android (သို့မဟုတ်) iOS အပလီကေးရှင်းကို ဆိုလိုသည်။

(ခ) “**MPT IPTV**”၊ “**ကျွန်ုပ်တို့**”၊ “**ကျွန်ုပ်တို့၏**” နှင့် “**ကျွန်ုပ်တို့အား**” ဟုဆိုရာတွင် လက်အောက်ခံများ၊ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၊ ဆက်ခံသူများနှင့် တာဝန်လွှဲပြောင်းပေးခြင်းခံရသူများပါဝင်သည်။

(ဂ) “**ဝန်ဆောင်မှု**” ဆိုသည်မှာ ဝန်ဆောင်မှုရယူသူအား ပါဝင်သည့်အရာများ၊ **TV** လိုင်းများနှင့် ရုပ်ရှင်များရယူကြည့်ရှုနိုင်ရန် ခွင့်ပြုပေးထားသည့် **MPT** မှ ထောက်ပံ့ပေးထားသော IPTV ဝန်ဆောင်မှုကို ဆိုလိုသည်။

**၂။ ဝန်ဆောင်မှုဖော်ပြချက်**

၂.၁။ MPT IPTV Service မှ ဝန်ဆောင်မှုရယူသူအား MPT IPTV ဝန်ဆောင်မှု၏ TV လိုင်းများ၊ ရုပ်ရှင်များနှင့် အခြားသော MPT IPTV အချက်အလက်များကို ကြည့်ရှုခံစားရယူခွင့်ပေးထားပါသည်။ ဤအသေးစိတ်စည်းကမ်းချက်များတွင် ဝန်ဆောင်မှုရယူသူအား အတိအလင်းခွင့်ပြုချက်ပေးထားခြင်းမရှိသည့် အခွင့်အရေးများအားလုံးကို ကျွန်ုပ်တို့ (သို့မဟုတ်) ကျွန်ုပ်တို့၏ လိုင်စင်ခွင့်ပြုချက်ပေးသူများ၊ ထောက်ပံ့ပေးသူများ၊ ထုတ်ဝေဖြန့်ချိသူများ၊ အခွင့်အရေးရရှိသူများ (သို့မဟုတ်) အခြားသော ထောက်ပံ့ပေးသူများမှ ထိန်းသိမ်းထားရှိပါသည်။ ဝန်ဆောင်မှုရယူသူသည် ဤအသေးစိတ်စည်းကမ်းချက်များအရ

ခွင့်ပြုထားသည့်ဝန်ဆောင်မှုကိုသာ အသုံးပြုနိုင်မည်ဖြစ်ပြီး အခြားသောအသုံးပြုမှုများအား အသုံးပြုခြင်းကို တင်းကြပ်စွာ တားမြစ်ထားပါသည်။

၂.၂။ ဝန်ဆောင်မှုနှင့်စပ်လျဥ်း၍ ဝန်ဆောင်မှုရယူသူ၏ အသုံးပြုမှုအား အစီအစဥ်တကျဖြစ်သော (သို့မဟုတ်) အစီအစဥ်တကျမဟုတ်သော ဝန်ဆောင်မှုကြားဖြတ်ဝင်ရောက်မှုများဖြစ်ပေါ်လာနိုင်ပါသည်။ ဝန်ဆောင်မှု၊ (အစီအစဥ်တကျ ဖြစ်သော (သို့မဟုတ်) အစီအစဥ်တကျမဟုတ်သော) လိုင်းကျမှု ၊ သို့မဟုတ် ဝင်ရောက်အသုံးပြုမရမှု တို့နှင့်စပ်လျဥ်း၍ ကြားဖြတ်ဝင်ရောက်နှောင့်ယှက်မှုတစ်ခုခုအတွက် ဝန်ဆောင်မှုရယူသူ (သို့မဟုတ်) တတိယလူပုဂ္ဂိုလ် တစ်ဦးဦးအပေါ်တွင် MPT IPTV အနေဖြင့် မည်သည့်တာဝန်မျှမရှိသည်ကို ဝန်ဆောင်မှုရယူသူအနေဖြင့် သဘောတူသိရှိပါသည်။

၂.၃။ ဝန်ဆောင်မှုအား ဝန်ဆောင်မှုရယူသူမှ အသုံးပြုခြင်း (သို့မဟုတ်) တလွဲအသုံးပြုခြင်း၊ အခြားသော အသုံးပြုသူများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း ၊ သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဥ်း၍ ဝန်ဆောင်မှုရယူသူ၏ အခြားသော လုပ်ဆောင်မှု (သို့မဟုတ်) ပျက်ကွက်မှုများအတွက် MPT IPTV အနေဖြင့် မည်သည့်တာဝန်မျှမရှိစေရ။

**၃။ Video ကြည်လင်ပြတ်သားမှု။** ကျွန်ုပ်တို့လက်ခံရရှိသည့် အကြောင်းအရာဖွဲ့စည်းမှုပုံစံ။ အသုံးပြုသည့်အင်တာနက် ချိတ်ဆက်မှုအရည်အသွေး။ အသုံးပြုသည့်စက်ကိရိယာမျက်နှာပြင်နှင့် အခြားသောအကြောင်းအရာတို့ကြောင့်  Video တွင် ပါဝင်သောအရာများ၏ ကြည်လင်ပြတ်သားမှုကို ထိခိုက်နိုင်ပါသည်။

**၄။ လုံခြုံမှု။** ဝန်ဆောင်မှုနှင့် အပလီကေးရှင်းတို့တွင် ကိန်းဂဏာန်းအချက်အလက်များကို ကာကွယ်ထားပြီး အဆိုပါ ဝန်ဆောင်မှုများကိုသာလျှင် ဝန်ဆောင်မှုရယူသူမှ ရယူအသုံးပြုနိုင်ရန် ကန့်သတ်ထားသည့်နည်းပညာအား အသုံးပြုထားသည့် လုံခြုံမှုဆိုင်ရာကန့်သတ်ချက်တစ်ခုပါဝင်ပါသည်။ အဆိုပါဝန်ဆောင်မှုများအား ဝန်ဆောင်မှုရယူသူဝယ်ယူထားသည့်အရာ များနှင့်တတ်နိုင်သမျှ အသုံးပြုနိုင်ရန်၊ လုပ်ဆောင်နိုင်ရန်၊ ပြသပေးနိုင်ရန် (သို့မဟုတ်) ချိတ်ဆက်နိုင်ရန်အတွက် အပလီကေးရှင်းအား ဖန်တီးထားသည်။ ထို့ကြောင့် ဝန်ဆောင်မှုရယူသူမှ သက်ဆိုင်ရာဝန်ဆောင်မှုများအား ဝယ်ယူထားခြင်း မရှိပါက အပလီကေးရှင်းတွင်ပါဝင်သည့် အချို့သောအရာများကို အသုံးပြု၍ရမည်မဟုတ်ပါ။ အဆိုပါနည်းပညာသည် ဝန်ဆောင်မှုများနှင့် အပလီကေးရှင်းလုပ်ဆောင်မှုတို့အကြားတွင်ရှိသည့်စနစ်မှ ခွဲထုတ်၍မရနိုင်သည့်အစိတ်အပိုင်းတစ်ခု ဖြစ်ပြီး အဆိုပါနည်းပညာကောင်းစွာလည်ပတ်ဆောင်ရွက်နိုင်ရန် ဝန်ဆောင်မှုများနှင့် အပလီကေးရှင်းတို့အကြား ဆက်သွယ် ဆောင်ရွက်မှုတို့ကို MPT မှ ထိန်းချုပ်စောင့်ကြည့်နိုင်ပါသည်။ ဝန်ဆောင်မှုအတွက် အဆိုပါနည်းပညာအား အချိန်မရွေး ပြောင်းလဲပြင်ဆင်ပိုင်ခွင့်ကို MPT **မှ** ထိန်းသိမ်းထားရှိပါသည်။

ဝန်ဆောင်မှုရယူသူသည် ဝန်ဆောင်မှုအား ရည်ရွယ်ထားသည့်အတိုင်းအတာမှတပါး အခြားသောရည်ရွယ်ချက်အတွက် အသုံးမပြုရန် သဘောတူညီပါသည်။

အောက်ပါဆောင်ရွက်ချက်တို့အား မပြုလုပ်ရန်အတိအလင်းတားမြစ်ပါသည်။ မိတ္တူကူးခြင်း၊ ဝန်ဆောင်မှုတွင် ပါဝင်သည့် အကာအကွယ်ထားမှုများ (ဝန်ဆောင်မှုအား ရရှိနိုင်မည့်လုပ်ငန်းစဥ်များထဲမှာ ဆော့ဝဲလ်တစ်ခုခု (သို့မဟုတ်) အခြားသော ပစ္စည်းများနှင့်စပ်လျဥ်း၍ Reverse-engineer လုပ်ခြင်း ၊ ကုတ်နံပါတ်ဖော်ထုတ်ခြင်း၊ ခွဲထုတ်ခြင်း)မှ တစ်စုံတစ်ခုအား သွေဖည် အောင်ပြုလုပ်စေရန်၊ ပြင်ဆင်စေရန်၊ ဖယ်ရှားစေရန်၊ ပြောင်းလဲစေရန်၊ အသုံးပြု၍မရစေရန်၊ အဆင့်လျှော့ကျစေရန် (သို့မဟုတ်) အဖျက်အမှောက်ပြုလုပ်စေရန် တစ်စုံတစ်ယောက်ကို အားပေးအားမြှောက်ပြုခြင်း (သို့မဟုတ်) ကူညီခြင်း၊ ဝန်ဆောင်မှုအား အခွင့်မရှိဘဲအသုံးပြုခြင်းအပါအဝင် ဝန်ဆောင်မှုတွင်ပါရှိသောအရာများအား ကြိုးကိုင်ခြယ်လှယ်နိုင်ရန် ကုတ်နံပါတ် (သို့မဟုတ်) ပစ္စည်းများထည့်သွင်းခြင်း၊ နည်းပညာပိုင်းဆိုင်ရာ (သို့မဟုတ်) အစိတ်အပိုင်းတစ်ခုခုကို ကလိခြင်း။ အဆိုပါပြုလုပ်မှုများကို ဝန်ဆောင်မှုရယူသူမှ ပြုမူလုပ်ဆောင်ခြင်းသည် မူပိုင်ခွင့်ဆိုင်ရာချိုးဖောက်ခြင်းဖြစ်ပြီး တရားမ ကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တာဝန်ကျရောက်စေမည်ဖြစ်ပါသည်။

**၅။ ငွေပေးချေရသည့် ဝန်ဆောင်မှုများ**

၅.၁။ **ငွေကောက်ခံမှုမူဝါဒ။** ဝန်ဆောင်မှု၏ အချို့သောကဏ္ဍများကို ငွေပေးသွင်းရခြင်း (သို့မဟုတ်) အခြားသော ငွေကောက်ခံမှုများအတွက် ထောက်ပံ့ပေးထားနိုင်သည်။ အဆိုပါပေးသွင်းငွေနှင့် ငွေကောက်ခံမှုများ (ရှိခဲ့လျှင်) အား MPT IPTV ဝက်ဘ်ဆိုက်တွင် ဖော်ပြထားမည်ဖြစ်သည်။

ဝန်ဆောင်မှုရယူသူအနေဖြင့် ဝန်ဆောင်မှုအား ငွေပေးချေမှုကဏ္ဍများအတွက် အသုံးပြုရန်ရွေးချယ်ပါက ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် အဆိုပါငွေပေးသွင်းမှုနှင့် ငွေကောက်ခံမှုနှင့်သက်ဆိုင်သည့် ဈေးနှုန်း၊ ငွေပေးချေမှုနှင့် ငွေကောက်ခံမှုဆိုင်ရာ မူဝါဒများအား သဘောတူညီရမည်ဖြစ်သည်။ MPT အနေဖြင့် ထပ်ဆောင်းငွေပေးသွင်းမှုများနှင့် ငွေကောက်ခံမှုများအတွက် ဝန်ဆောင်မှုအသစ်များအား ထပ်မံဖြည့်သွင်းခြင်း (သို့မဟုတ်) လက်ရှိဝန်ဆောင်မှုများအတွက် ငွေပေးသွင်းမှုများနှင့် ငွေကောက်ခံမှုများအား ပြင်ဆင်ခြင်းတို့ကို တစ်ဦးတည်းဆန္ဒဖြင့် အချိန်မရွေး ပြုလုပ်နိုင်သည်။

ကျွန်ုပ်တို့အနေဖြင့် ဝန်ဆောင်မှုရယူသူမှ အောက်ဖော်ပြပါတို့အား ဆောင်ရွက်ခြင်းအတွက် ငွေကောက်ခံသွားမည်ဖြစ်သည်။

(က) **Subscribe** လုပ်ခြင်း ။ ဝန်ဆောင်မှုရယူသူမှ ဝန်ဆောင်မှုတွင်ပါဝင်သည့်အရာအား Subscribe လုပ်သည့်အခါ ကျွန်ုပ်တို့မှ ဝန်ဆောင်မှုရယူသူအပေါ် ငွေကောက်ခံသွားမည်ဖြစ်သည်။ Subscribe ပြုလုပ်ခြင်းအတွက် ငွေပေးသွင်းပြီးသည့်အခါ ဝန်ဆောင်မှုရယူသူမှ တစ်ရက်တာအတွက် Subscribe ပြုလုပ်ရာတွင်ပါဝင်သည့်အရာများအားလုံးကို ကြည့်ရှုနိုင်မည် ဖြစ်သည်။ ဝန်ဆောင်မှုရယူသူမှ Unsubscribe မလုပ်ပါက Subscribe ပြုလုပ်ခြင်းနှင့် ငွေကောက်ခံခြင်းတို့အတွက် အလိုအလျောက် သက်တမ်းတိုးသွားမည်ဖြစ်သည်။ အခမဲ့စမ်းသုံးမည်ဆိုပါက အခမဲ့စမ်းသုံးမှုကာလသက်တမ်း ကုန်လွန်သွားပြီးနောက်တွင် ဝန်ဆောင်မှုရယူသူမှ Unsubscribe မလုပ်ထားပါက ကျသင့်သည့် Subscribe ပြုလုပ်ခြင်း အတွက်ငွေကို အလိုအလျောက် ကောက်ခံသွားမည်ဖြစ်သည်။

Subscribe ပြုလုပ်ခြင်းတစ်ခုတွင်ပါဝင်သည့်အရာအား MPT ၏ တစ်ဦးတည်းသောဆုံးဖြတ်ချက်ဖြင့် အခါအားလျော်စွာ ပြောင်းလဲပြင်ဆင်နိုင်သည်။

အထက်ကဆိုခဲ့သည့်အရာများအပြင် (ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် Download ဆွဲယူမှုများအပါအဝင်) ဝန်ဆောင်မှုအား ဝန်ဆောင်မှုရယူသူ၏အသုံးပြုမှုအတွက် အင်တာနက်အသုံးပြုခလည်းကျသင့်မည်ဖြစ်သည်။

၅.၂။ ပြန်လည်ငွေအမ်းမည်မဟုတ်ခြင်း။ ဝန်ဆောင်မှုရယူသူသည် ၎င်း၏ဝန်ဆောင်မှုရယူထားသောအကောင့်အား မည်သည့်အချိန်တွင်မဆို ဖျက်သိမ်းနိုင်မည်ဖြစ်သော်လည်း ထိုသို့ဖျက်သိမ်းခြင်းအတွက် မည်သည့်ပြန်အမ်းငွေမျှရရှိလိမ့်မည် မဟုတ်ပါ။

ကျွန်ုပ်တို့မှ ဝန်ဆောင်မှုရယူသူ၏ဝန်ဆောင်မှုအကောင့်ကို ဆိုင်းငံ့ထားခြင်း (သို့မဟုတ်) ပိတ်ထားခြင်းပြုလုပ်ထားသည့်အခါ၌ ဝန်ဆောင်မှုရယူသူအနေဖြင့် Subscribe ပြုလုပ်ခြင်းတစ်ခုအတွက် အသုံးမပြုရသေးသည့် အချိန်ကာလတစ်ခုခုအတွက်၊ ဝန်ဆောင်မှုအပိုင်းကဏ္ဍတစ်ခုခု၏ လိုင်စင်ကြေး (သို့မဟုတ်) Subscribe ပြုလုပ်ကြေးတစ်ခုခုအတွက် (သို့မဟုတ်) ဝန်ဆောင်မှုရယူသူ၏ MPT IPTV အကောင့်နှင့်စပ်ဆက်သည့် ပါဝင်သည့်အရာတစ်ခုခု (သို့မဟုတ်) အင်တာနက်အသုံးပြုမှု တစ်ခုခုအတွက် မည်သို့သောပြန်အမ်းငွေကိုဖြစ်စေ၊ လဲလှယ်ပေးမှုကိုဖြစ်စေ လက်ခံရရှိလိမ့်မည်မဟုတ်သည်ကို ဝန်ဆောင်မှု ရယူသူမှ သိရှိနားလည်လက်ခံသဘောတူညီပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ Server နှင့် ဝန်ဆောင်မှုများမှ ဝန်ဆောင်မှုရယူသူ၏ အကြောင်းအရာနှင့် Data များအားလုံးကို ဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ရည်ရွယ်၍သော်လည်းကောင်း၊ မရည်ရွယ်ဘဲနှင့်သော်လည်းကောင်း အကြောင်းပြချက်မရှိ

(ဝန်ဆောင်မှုရယူသူ (သို့မဟုတ်) အခြားသောသူတစ်ဦးဦးအား မည်သို့သောတာဝန်မျှမကျရောက်စေဘဲ) ပယ်ဖျက်ခွင့်ရှိသည်ကို ဝန်ဆောင်မှုရယူသူမှ သိရှိနားလည်ပါသည်။

**၆။ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်မှုနှင့် အခွင့်အရေးများအား ထိန်းသိမ်းထားရှိခြင်း။** ဤဝန်ဆောင်မှုသည် မူပိုင်ခွင့်နှင့်အခြားဥပဒေများ၊ နိုင်ငံတကာမူပိုင်ခွင့်နှင့် အခြားသောနိုင်ငံတကာစာချုပ်များနှင့်သက်ဆိုင်အကျုံးဝင်စေရမည်။ ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် အခွင့်အရေးများ၊ အသိဉာဏဆိုင်ရာပစ္စည်းအခွင့်အရေးများအားလုံးနှင့် ဝန်ဆောင်မှုနှင့်ပတ်သက်သည့် ပြင်ဆင်မှုများ၊ မွမ်းမံမှုများ၊ အဆင့်မြှင့်တင်မှုများ၊ ဖြည့်စွက်မှုများ၊ တိုးမြှင့်ဆောင်ရွက်မှုများနှင့် ဆင့်ပွားဖြစ်ပေါ်လာသည့် အလုပ်များအားလုံးကို MPT (သို့မဟုတ်) ၎င်း၏လိုင်စင်ခွင့်ပြုချက်ပေးသူများမှ အကြွင်းမဲ့ပိုင်ဆိုင်သည်။ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍အသုံးပြုသည့် အချို့သောတတိယလူပုဂ္ဂိုလ်တို့၏ ဆော့ဝဲလ်အား ယင်းနှင့်သက်ဆိုင်သမျှ ဝန်ဆောင်မှုပေးသူများမှ ဝန်ဆောင်မှုရယူသူအား တိုက်ရိုက်ဝန်ဆောင်မှုပေးနိုင်သည်။ အဆိုပါဆော့ဝဲလ်အား အသုံးပြုမှုသည် ဝန်ဆောင်မှုရယူသူနှင့် အဆိုပါဝန်ဆောင်မှုပေးသူတစ်ဦးချင်းစီတို့အကြားချုပ်ဆိုထားသည့် သက်ဆိုင်ရာစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီဖြစ်ရမည်။ ဤအသေးစိတ်စည်းကမ်းချက်များအရ ဝန်ဆောင်မှုရယူသူအား အတိအလင်းခွင့်ပြုချက်ပေးထားခြင်းမရှိသည့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် အခွင့်အရေးများအားလုံးကို MPT မှ ထိန်းသိမ်းထားရှိပါသည်။

**၇။ အသုံးပြုသူအကောင့်။** ဝန်ဆောင်မှုရယူသူသည် ဤဝန်ဆောင်မှုကို အချို့သော MPT မှခွင့်ပြုထားသည့် ဝန်ဆောင်မှုများနှင့်အတူ ဝန်ဆောင်မှုမှတဆင့် ဝင်ရောက်ဖို့ရန်လည်းကောင်း၊ ဝန်ဆောင်မှုမှ လုပ်ဆောင်ဖို့ရန်လည်းကောင်း၊ ဝန်ဆောင်မှုတွင်ပြသဖို့ရန်လည်းကောင်း၊ ဝန်ဆောင်မှုနှင့်ချိတ်ဆက်ဖို့ရန်လည်းကောင်း ပူးတွဲအသုံးပြုလိုပါက ဝန်ဆောင်မှုရယူသူသည် အသုံးပြုသူအကောင့်တစ်ခုဖွင့်ရန် (သို့မဟုတ်) ဝန်ဆောင်မှုကို ဝင်ရောက်အသုံးပြုနိုင်မည့် အဆိုပါကဲ့သို့သော အခြား MPT IPTV ဝက်ဘ်ဆိုက် (“**အကောင့်**”) လိုအပ်ပါသည်။ ဝန်ဆောင်မှုသည် ၎င်း၏လုပ်ဆောင်ချက်များမှ
အချို့သောလုပ်ဆောင်ချက် များကို လုပ်ဆောင်နိုင်ရန်နှင့် ၎င်းတွင်ပါဝင်သည့်အရာများမှ အချို့သောအရာများအား ဝင်ရောက်အသုံးပြုနိုင်ရန် ဝန်ဆောင်မှု ရယူသူ၏အကောင့်တွင်ပါဝင်သည့် အချက်အလက်များကို အသုံးပြုမည်ဖြစ်ပါသည်။ ထို့ကြောင့် ဝန်ဆောင်မှုရယူသူမှ အကောင့်ဖွင့်လှစ်ထားခြင်းမရှိပါက အဆိုပါအရာများအား ရရှိနိုင်မည်မဟုတ်ပါ။

ဝန်ဆောင်မှုရယူသူမှ အကောင့်ဖွင့်သည့်အခါတွင် ၎င်းဖော်ပြဖြည့်သွင်းသည့် အချက်အလက်များအတွက် ၎င်းကိုယ်တိုင်တာဝန်ယူရမည်ဖြစ်ပြီး အကောင့်နှင့်ပတ်သက်သည့် လျှို့ဝှက်ထားရှိမှုနှင့် လုံခြုံမှု၊ အဆိုပါအကောင့်အား ဝင်ရောက်နိုင်ရန်ပေးထားသည့် လျှို့ဝှက်နံပါတ်တို့အား ထိန်းသိမ်းထားရှိမှုတို့အတွက် ၎င်းတွင် အပြည့်အဝတာဝန်ရှိသည်။ ဝန်ဆောင်မှုရယူသူသည် ၎င်းအကောင့်နှင့်သက်ဆိုင်သည့် အချက်အလက် (သို့မဟုတ်) လျှို့ဝှက်နံပါတ်ကို အခြားသူတစ်ဦးဦးအား ထုတ်ဖော်ပြောကြားခြင်းမပြုရ။ ဝန်ဆောင်မှုရယူသူအနေဖြင့် ၎င်းအား ခွင့်ပြုချက်ပေးထားခြင်းမရှိသည့် အကောင့်တစ်ခုအား ဝင်ရောက်ခြင်း (သို့မဟုတ်) ဝင်ရောက်ရန်အားထုတ်ခြင်းတို့အား မပြုလုပ်ရ။

ဝန်ဆောင်မှုရယူသူ၏အကောင့်တွင်ဖြစ်ပွားသော (သို့မဟုတ်) အကောင့်မှတဆင့်ဖြစ်ပွားသော လုပ်ဆောင်ချက်များအားလုံးအတွက် ဝန်ဆောင်မှုရယူသူ၌ တာဝန်အပြည့်အဝရှိမည်ဖြစ်ပြီး အကောင့်အား အခွင့်မရှိဘဲအသုံးပြုခြင်း (သို့မဟုတ်) အကောင့် လုံခြုံမှုအား အခြားသောတစ်နည်းနည်းဖြင့် ချိုးဖောက်ခြင်းတို့အား MPT သို့ ချက်ခြင်းအကြောင်းကြားရန် ဝန်ဆောင်မှု ရယူသူမှ သဘောတူညီပါသည်။ ဝန်ဆောင်မှုရယူသူအကောင့်အား အခွင့်မရှိဘဲအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ပေါ်ပေါက် လာသောဆုံးရှုံးမှုတစ်စုံတစ်ရာအတွက် MPT ၌ တာဝန်ရှိလိမ့်မည်မဟုတ်ပါ။

**၈။ ဝန်ဆောင်မှုရယူသူ၏ အချက်အလက်များ** ။ MPT ၏ ကိုယ်ရေးအချက်အလက်မူဝါဒပါစည်းကမ်းချက်များအပြင် ဝန်ဆောင်မှုရယူသူ၏ အချက်အလက်များအား ကောက်ယူခြင်း၊ အသုံးပြုခြင်းနှင့် ထုတ်ဖော်ပြောကြားမှုတို့အပေါ်တွင် အောက်ပါစည်းကမ်းချက်များက အကျိုးသက်ရောက်မှုရှိစေရမည်။

**၈.၁။ အချက်အလက်များအား မည်သည့်အချိန်၌ မည်ကဲ့သို့ကောက်ယူသနည်း။**

**အသုံးပြုသူမှ ဖြည့်သွင်းပေးပို့သည့် အချက်အလက်များ။** သင့်အနေဖြင့် ဝန်ဆောင်မှုအား အသုံးပြုရန် စာရင်းသွင်းသည့်အခါ သင်နှင့်ပတ်သက်သည့်အချက်အလက်များဖြစ်သည့် သင့်နာမည်၊ ဖုန်းနံပါတ် အစရှိသည်တို့ကို ကျွန်ုပ်တို့အား ဖြည့်သွင်း ပေးပို့ရမည်။ သင့်အနေဖြင့် ကျွန်ုပ်တို့ထံသို့ ဖုန်းဖြင့်အဆက်အသွယ်ပြုလုပ်ပါက သင့်ဖုန်း၏စာတိုပေးပို့မှုများ၊ သင့်ဖုန်းနံပါတ်နှင့် ကျွန်ုပ်တို့၏ တုန့်ပြန်မှုများအား ထိန်းသိမ်းထားရှိမည်ဖြစ်ပါသည်။

**Cookie အချက်အလက်များ။** ဝက်ဘ်ဆိုက်မှတဆင့် ဝန်ဆောင်မှုအား အသုံးပြုသည့်အခါ သင်အသုံးပြုသည့် Browser အား သီးသန့်အားဖြင့် ခွဲခြားသိရှိနိုင်မည်ဖြစ်သော သင်၏ Device သို့ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသည့် Cookie များ (ကိန်းဂဏာန်းအက္ခရာလေးများပါဝင်သည့် စာဖိုင်အသေးလေးတစ်ခု) အားပေးပို့ကာ သင့်အား Log in လျင်မြန်စွာဝင်ရောက် စေနိုင်ပြီး သင်ဝင်ရောက်မည့် ဝက်ဘ်ဆိုက်လမ်းကြောင်းကို ပိုမိုကောင်းမွန်လာစေရန် ကျွန်ုပ်တို့မှ အကူအညီပေးမည် ဖြစ်သည်။ အဆိုပါ Cookie များတွင် အောက်ဖော်ပြပါအချက်အလက်များအား သိမ်းဆည်းထားနိုင်ပါသည်။ ဖုန်းနံပါတ်၊ Network အမျိုးအစား၊ Sign in ဝင်ခြင်း အထောက်အထားနှင့် ဘာသာစကားရွေးချယ်ခြင်း။

လိုအပ်သည့် Cookie များကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်အလုပ်လုပ်ဆောင်နိုင်ရန်အတွက် အသုံးပြုမည်ဖြစ်သည်။ ဝက်ဘ်ဆိုက် လုပ်ဆောင်မှုတိုးတက်အောင် အကူအညီဖြစ်စေရန် ရွေးချယ်၍ရနိုင်သည့် စိစိချက်ဆိုင်ရာ (သို့မဟုတ်) လုပ်ဆောင်ချက် ဆိုင်ရာ Cookie များအားလည်း ချမှတ်မည်ဖြစ်ပါသည်။

**မှတ်တမ်းဖိုင်အချက်အလက်များ။** ဝက်ဘ်ဆိုက်တစ်ခုအား သင့်အနေဖြင့် ဝင်ရောက်အသုံးပြုသည့်အခါတိုင်း သင်အသုံးပြု သည့် Browser မှ မှတ်တမ်းဖိုင်အချက်အလက်များသို့ အလိုအလျောက် အကြောင်းကြားပါမည်။ ဝန်ဆောင်မှုဝက်ဘ်ဆိုက်အား စာရင်းသွင်းခြင်း (သို့မဟုတ်) ကြည့်ရှုခြင်းပြုလုပ်သည့်အခါ မည်သည့်ဝက်ဘ်ဆိုက်ကိုမဆို ဝင်ရောက်သည့်အခါတိုင်း သင်၏ ဝက်ဘ်ဆိုက် Browser မှပေးပို့သည့် အချို့သောအချက်အလက်များအား ကျွန်ုပ်တို့ Server မှ အလိုအလျောက် မှတ်တမ်းရယူ ထားမည်ဖြစ်သည်။ အဆိုပါ Server မှတ်တမ်းတွင် သင်ဝင်ရောက်သည့် ဝက်ဘ်ဆိုက်၊ Internet Protocol “**IP**” လိပ်စာ၊ Browser အမျိုးအစား၊ ဝင်ရောက်ကြည့်ရှုသော (သို့မဟုတ်) ပြန်ထွက်သွားသောစာမျက်နှာများနှင့် URL များ၊ Click နှိပ်သော အရေအတွက်၊ Domain နာမည်များ၊ Landing Page များ၊ ကြည့်ရှုသည့်စာမျက်နှာများနှင့် အဆိုပါကဲ့သို့သော အခြားအချက် အလက်များ အစရှိသည့် အချက်အလက်များပါဝင်နိုင်ပါသည်။

သင့်အနေဖြင့် ဝန်ဆောင်မှုအား အသုံးပြုသည့်အခါ ကျွန်ုပ်တို့မှ အောက်ဖော်ပြပါအချက်အလက်များကိုလည်း ကောက်ယူထား နိုင်ပါသည်။

- ရှာဖွေမှုစုံစမ်းခြင်းများ (ဝက်ဘ်ဆိုက် သို့မဟုတ် အပလီကေးရှင်းအား အသုံးပြုသည့်အခါ Click နှိပ်သောအရာ သို့မဟုတ် ရှာဖွေသောအရာနှင့် အသုံးပြုသူ့နှင့်ကြားချက်များ သို့မဟုတ် အခြားသောထည့်သွင်းပြုလုပ်မှုများ စသဖြင့်)၊
- အသုံးပြုသည့် Device ၏ တည်နေရာ၊ IP လိပ်စာ (သို့မဟုတ်) Wifi မှ စသဖြင့် (“**သင့် Device ၏တည်နေရာ အချက်အလက်**”)၊
- ခွဲခြားရနိုင်သော အထောက်အထားများ၊ အကောင့် ID (သို့မဟုတ်) ဖုန်းနံပါတ် စသဖြင့်၊
- အင်တာနက်အား မည်သို့ချိတ်ဆက်ပုံ၊ သင်အသုံးပြုသည့် Wifi ဆက်သွယ်ချိတ်ဆက်မှု စသဖြင့်၊
- Billing Address ၊
- လူဦးရေဆိုင်ရာအချက်အလက်များ (ဥပမာ- စာရင်းပေးသွင်းခြင်းမှတဆင့်)၊
- အပလီကေးရှင်းနှင့်ချိတ်ဆက်ထားသော MPT IPTV အကောင့်များအတွက် ရယူအသုံးပြုခြင်းအစီအစဥ်များ၊
- အသုံးပြုသော Device အမျိုးအစားနှင့် အသုံးပြုနေသည့်စနစ်၊
- ချိတ်ဆက်မှုအမျိုးအစား နှင့်
- ဆော့ဝဲလ် ။

**၈.၂။ သင့်အချက်အလက်များအား ကျွန်ုပ်တို့မှ အသုံးပြုပုံ**

- ကျွန်ုပ်တို့မှ အချက်အလက်များအား အောက်ပါတို့အား ဆောင်ရွက်နိုင်ရန် အသုံးပြုနိုင်ပါသည် -

- ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ပိုမိုကောင်းမွန်အောင်ပြုလုပ်ရန်၊
- ပါဝင်သည့်အကြောင်းအရာကို ကြည့်ရှုနိုင်ရန် အကြံပြုချက်ပေးခြင်းကဲ့သို့သော အရာများအပါအဝင် သင်ကြည့်ရှုခဲ့မှုများအား လိုအပ်ချက်နှင့်အံဝင်ခွင်ကျဖြစ်ရန် စီမံနိုင်ရန်၊
- စိစစ်လေ့လာမှုပြုလုပ်နိုင်ရန်၊
- သင့်အတွက် အကျိုးရှိစေနိုင်သော MPT (သို့မဟုတ်) တတိယလူပုဂ္ဂိုလ်တို့၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား အကြံပြုချက်ပေးပြီး ရောင်းချရန်၊

- သင့် Device ၏တည်နေရာ အချက်အလက်ကိုမသိရှိပါက ဒေသတွင်းဆိုင်ရာအားကစားများ ရွေးချယ်စီစဥ်မှု ဒေသတွင်းရာသီဥတု၊ ဒေသတွင်းရွေးချယ်မှုအစီအစဉ်၊ ဒေသတွင်းတိုက်ရိုက်တင်ဆက်သော Channel လိုင်းများ (သို့မဟုတ်) ဒေသအလိုက်ကန့်သတ်မှုများရှိသည့် အခြားသောပါဝင်သည့်အရာများကဲ့သို့သောအချို့ဝန်ဆောင်မှုများနှင့် အစီအစဥ်များအား ရယူခြင်းတို့ကို ထောက်ပံ့ပေးနိုင်မည်မဟုတ်ပါ။ သင့်အနေဖြင့် သင်၏ Device ရှိ တည်နေရာခြေရာခံခြင်းအား ပိတ်ထားမည်ဆိုပါက အပလီကေးရှင်း (သို့မဟုတ်) ဝက်ဘ်ဆိုက်သည် (သင်၏ အများပြည်သူဆိုင်ရာ IP လိပ်စာအား အသုံးပြုခြင်းကဲ့သို့) သင်၏တည်နေရာကို (Channel လိုင်းလမ်းညွှန်ချက်ကဲ့သို့) ဝန်ဆောင်မှုများပေးရန်အတွက် သင်၏ယေဘုယျတည်နေရာအဖြစ် ဆုံးဖြတ်နိုင်ရန် သတ်မှတ်ပေးနိုင်သည်ကို သင့်အနေဖြင့် သိရှိနားလည်လက်ခံသဘောတူပါသည်။

**၈.၃။ အချက်အလက်များအား ထုတ်ဖော်ပြောကြားမှု**

- ကျွန်ုပ်တို့မှ အောက်ဖော်ပြပါသူတို့အား ဝန်ဆောင်မှုမှတဆင့် ကောက်ယူထားသည့် အချက်အလက်များကို ဝေမျှသွားမည်ဖြစ်သည်။

- ကျွန်ုပ်တို့၏ အုပ်စုအဖွဲ့ဝင်တစ်ခုခုအပါအဝင် (MPT IPTV သို့မဟုတ် MPT အမှတ်တံဆိပ်အား ဝေမျှခြင်း မပြုလုပ်နိုင်သည့်သူများအပါအဝင်) MPT မိသားစုကုမ္ပဏီများထဲရှိ အခြားသောကုမ္ပဏီများ၊
- ဝန်ဆောင်မှုမှတဆင့် သင်ကြည့်ရှုသည့် အစီအစဥ်အား ထောက်ပံ့ပေးသည့် Programmer များနှင့် Network များ၊
- ကြော်ငြာ (သို့မဟုတ်) ဈေးရောင်းချခြင်းပြုလုပ်သည့် တတိယလူပုဂ္ဂိုလ်များ၊ ဤအချက်အလက်များ၌ ယေဘုယျစိတ်ဝင်စားမှုများ (ဥပမာ- အားကစားချစ်သူတစ်ဦး)၊ သီးခြားစိတ်ဝင်စားမှုများ (ဥပမာ- ဘတ်စကတ်ဘောအသင်းတစ်ခု၏ အားပေးပရိတ်သတ်တစ်ဦး) နှင့် သင်နှင့်ပတ်သက်၍ ကောက်ယူသည့် အခြားသောအချက်အလက်များ ပါဝင်နိုင်သည်။ ကျွန်ုပ်တို့မှ တတိယလူပုဂ္ဂိုလ်တို့အား အချက်အလက်များဝေငှရာတွင် သင်၏ Android advertising ID ကဲ့သို့ ခွဲခြားသတ်မှတ်နိုင်သည့်အရာများကို အသုံးပြုပါမည်။

- ကျွန်ုပ်တို့မှ အချက်အလက်များအား ဝေမျှမည့် "တတိယလူပုဂ္ဂိုလ်များ" ဟုဆိုရာတွင် ကြော်ငြာသူများ၊ ပရိုဂရမ်မာများနှင့် အဖွဲ့အစည်းများ၊ ဆိုရှယ်မီဒီယာအဖွဲ့အစည်းများ၊ စိစစ်လေ့လာမှုပြုလုပ်သည့်အဖွဲ့များ (သုံးစွဲသူ၏ အပြုအမူကို စိစစ်လေ့လာသောကုမ္ပဏီများ)၊ **ad network** များ (များပြားလှသောဝက်ဘ်ဆိုက်များ၊ အပလီကေးရှင်းများနှင့် Device များရှိ ကြော်ငြာမည့်သူများအတွက် ကြော်ငြာများအား ပေးပို့ခြင်းနှင့် စစ်တမ်းကောက်

ယူခြင်းတို့ပြုလုပ်သည့် ကုမ္ပဏီများ) နှင့် ကြော်ငြာများဖန်တီးခြင်းနှင့် ပေးပို့ခြင်းတို့တွင်ပါဝင်သည့် အခြားသော အလားတူကုမ္ပဏီများအား ဆိုလိုခြင်းဖြစ်သည်။

- သင်၏အချက်အလက်များအား စုပေါင်းအစီရင်ခံစာများ (တယ်လီဖေးရှင်းရှီးတစ်ခုအား လူဘယ်နှစ်ဦးရှာဖွေသလဲ ဆိုသည့် အစီရင်ခံစာတစ်စောင်အနေဖြင့်) အဖြစ်လည်းကောင်း (သို့မဟုတ်) ကျွန်ုပ်တို့မှ အခြားကုမ္ပဏီများသို့ ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေးရောင်းချခြင်း၊ ကြော်ငြာထည့်သွင်းခြင်း သို့မဟုတ် အခြားသောအလားတူ အသုံးပြုမှုများအတွက် ရောင်းချနိုင်သည့် အစီရင်ခံစာများအဖြစ်လည်းကောင်း အမည်နာမများဖယ်ထုတ်ကာ အသုံးပြုပြီး ဝေမျှနိုင်သည်။ ကိုယ်ရေးကိုယ်တာအချက်အလက်များ ပေါင်းစုထားခြင်းအား အမည်နာမများ ထည့်သွင်းဖော်ပြမည်မဟုတ်သောကြောင့် အသုံးပြုခြင်းခံရမည့် သင်နှင့်ပတ်သက်သည့်အချက်အလက်များမှ သင်မည်သူမည်ဝါဖြစ်သည်ဆိုသောအချက်ကို သိရှိထုတ်ဖော်နိုင်မည်မဟုတ်ပါ။

**၉။ ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် အခွင့်အရေးများ။** ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် MPT ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့်အရာများအားလုံး (ဆော့ဝဲလ်၊ ပုံရိပ်များ၊ စာသားများ၊ ဂရပ်ဖစ်ပုံများ၊ ရုပ်ပုံထည့်သွင်းဖော်ပြမှုများ၊ တံဆိပ်များ၊ တီထွင်ဖန်တီးမှုများ၊ ကုန်အမှတ်တံဆိပ်များ၊ ဝန်ဆောင်မှုအမှတ်အသားများ၊ မူပိုင်ခွင့်များ၊ ဓာတ်ပုံများ၊ အသံဖိုင်များ၊ တေးဂီတများနှင့် ပါဝင်သည့်အကြောင်းအရာများ ("**MPT တွင်ပါဝင်သည့်အရာ**") အပါအဝင်) နှင့် ယင်းနှင့်ပူးတွဲသက်ဆိုင်သည့် အသိဉာဏဆိုင်ရာပစ္စည်းအခွင့်အရေးများအားလုံးတို့သည် MPT ၏ တစ်ဦးတည်းပိုင်ပစ္စည်းများဖြစ်သည်။ အတိအလင်း ပြဋ္ဌာန်းချက်ရှိသည်မှတပါး ဤအသေးစိတ်စည်းကမ်းချက်များတွင်ပါဝင်သည့် မည်သည့်အရာကိုမျှ ခွင့်ပြုချက်လိုင်စင်တစ်ခု အနေဖြင့်ဖန်တီးခြင်း (သို့မဟုတ်) အဆိုပါအသိဉာဏပစ္စည်းဆိုင်ရာအခွင့်အရေးများအရ အခွင့်အရေးတစ်ခု ဖန်တီးခြင်းအဖြစ် မှတ်ယူခြင်းမရှိစေရ။ ဝန်ဆောင်မှုရယူသူအနေဖြင့် ဝန်ဆောင်မှု၏ သုံးခွင့်ရသည့်အရာတစ်ခုခုမှ ဆင့်ပွားကူးယူထားသော လုပ်ငန်းများအား (သို့မဟုတ်) MPT တွင်ပါဝင်သည့်အရာအား ရောင်းချခြင်း၊ လိုင်စင်ချပေးခြင်း၊ ငှားရမ်းခြင်း၊ မွမ်းမံခြင်း၊ ဖြန့်ဝေခြင်း၊ မိတ္တူကူးခြင်း၊ ပွားယူခြင်း၊ Reverse engineer လုပ်ခြင်း၊ ထုတ်လွှင့်ခြင်း၊ လူသိရှင်ကြား ပြသခြင်း၊ လူသိရှင်ကြား ဆောင်ရွက်ခြင်း၊ ထုတ်ဝေခြင်း၊ ပြင်ဆင်ခြင်း၊ တည်းဖြတ်ခြင်း သို့မဟုတ် ဖန်တီးခြင်းတို့ကို မပြုလုပ်ရန် သဘောတူညီပါသည်။ ဤအသေးစိတ်စည်းကမ်းချက်များတွင် အတိအလင်းခွင့်ပြုထားခြင်းမရှိသည့် ရည်ရွယ်ချက်တစ်ရပ်ရပ်အတွက် MPT တွင် ပါဝင်သည့်အရာအား အသုံးပြုခြင်းကို လုံးဝတားမြစ်ထားပါသည်။

**၁၀။ ရပ်ဆိုင်းခြင်း။** MPT သည် မည်သည့်ဝန်ဆောင်မှုကိုမဆို ဝန်ဆောင်မှုရယူသူထံသို့ အသိပေးအကြောင်းကြားခြင်းမပြုဘဲ အချိန်မရွေး ဆိုင်းငံ့ခြင်း (သို့မဟုတ်) ရပ်ဆိုင်းခြင်းပြုလုပ်နိုင်သည်။ ဝန်ဆောင်မှုအား ဆိုင်းငံ့ခြင်း (သို့မဟုတ်) ရပ်ဆိုင်းခြင်း ပြုလုပ်သည့်အခါ၌ ဝန်ဆောင်မှုရယူသူသည် အပလီကေးရှင်းအသုံးပြုမှုအားလုံးအား ရပ်ဆိုင်းရမည်။

ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ဆိုင်းငံ့ထားခြင်း (သို့မဟုတ်) ရပ်ဆိုင်းလိုက်ခြင်းတစ်ခုခုကြောင့် ဝန်ဆောင်မှုရယူသူအား (သို့မဟုတ်) တတိယလူပုဂ္ဂိုလ်တစ်ဦးဦးအား နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးရန် MPT ၌ တာဝန်ရှိလိမ့်မည်မဟုတ်ပါ။ အဆိုပါဆိုင်းငံ့ထားခြင်း (သို့မဟုတ်) ရပ်ဆိုင်းထားခြင်းသည် MPT အနေဖြင့် ယခုလက်ရှိ (သို့မဟုတ်) အနာဂတ်ကာလတွင် ရရှိနိုင်သည့် အခြားသောအခွင့်အရေးတစ်ခုခု (သို့မဟုတ်) ကုစားခွင့်တစ်ရပ်ရပ်ကို ထိခိုက်မှုရှိစေမည်မဟုတ်ပါ။

**၁၁။ တာဝန်ကန့်သတ်ခြင်း။** အထွေထွေစည်းကမ်းချက်များ၏ အပိုဒ် (၈) အပြင် ဝန်ဆောင်မှုအား ၎င်းတွင်ပါရှိသည့်အတိုင်း အာမခံချက် (သို့မဟုတ်) စည်းကမ်းချက်မထားဘဲ ထောက်ပံ့ပေးမည်ဖြစ်သည်။

**၁၂။ အာမခံခြင်း။** MPT နှင့် ၎င်း၏ ပူးပေါင်းဆောင်ရွက်သူများ၊ ဝန်ဆောင်မှုပေးသူများနှင့် လိုင်စင် ထုတ်ပေးသူများနှင့် ၎င်းတို့၏ အရာရှိများ၊ ဒါရိုက်တာများ၊ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ ("**အာမခံရရှိသူများ**") အား (၁) ဤအသေးစိတ်စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုရယူသူက ချိုးဖောက်ခြင်း၊ (၂) ဝန်ဆောင်မှုရယူသူမှ ဥပဒေအားချိုးဖောက်ခြင်း၊ (၃) ဝန်ဆောင်မှုရယူသူ၏ မဆင်မခြင်ပြုမူခြင်း သို့မဟုတ် မိမိဆန္ဒအလျောက် မဆင်မခြင်လုပ်ခြင်း

(သို့မဟုတ်) (၄) တတိယလူပုဂ္ဂိုလ်၏ အခွင့်အရေးများအား ဝန်ဆောင်မှုရယူသူမှ ချိုးဖောက်ခြင်း စသည်တို့မှပေါ်ပေါက်လာသည့် တောင်းဆိုမှု၊ တရားစွဲဆိုမှု၊ ဆုံးရှုံးမှု၊ ထိခိုက်မှု၊ ဒဏ်ကြေးတပ်ရိုက်မှု၊ ပြစ်ဒဏ်ချမှု၊ အတိုးနှင့် ကုန်ကျစရိတ် (ရှေ့နေနှင့် အခြားသောအကြံပေးပုဂ္ဂိုလ်များအတွက် အဖိုးအခများအပါအဝင်) စသည်တို့အတွက် ဝန်ဆောင်မှုရယူသူမှ အာမခံပေးခြင်း၊ ခုခံကာကွယ်ပေးခြင်းနှင့် ထိခိုက်မှုမရှိအောင် ပြုလုပ်ပေးခြင်းတို့အား ဆောင်ရွက်ပေးရမည်။

ဝန်ဆောင်မှုအား ဝန်ဆောင်မှုရယူသူက အသုံးပြုခြင်းမှပေါ်ပေါက်လာသော (သို့မဟုတ်) အသုံးပြုခြင်းနှင့်ပတ်သက်သော တတိယလူပုဂ္ဂိုလ်တစ်ဦးဦး၏ တောင်းဆိုမှုတစ်ခုခုရှိခဲ့လျှင် ဝန်ဆောင်မှုရယူသူမှ MPT ထံသို့ စာဖြင့်ရေးသား၍ ချက်ခြင်း အသိပေးအကြောင်းကြားရမည်။ အဆိုပါတာဝန်များသည် ဝန်ဆောင်မှုများအား ရပ်ဆိုင်းပြီးသည့်နောက်ပိုင်း ဆက်လက်တည်ရှိစေရမည်။

**၁၃။ အထွေထွေ**

**၁၃.၁။ အဆက်အသွယ်ပြုလုပ်ရန် အချက်အလက်။** MPT IPTV ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုရယူသူသည် နံပါတ် ၁၀၆ သို့ခေါ်ဆိုကာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**၁၃.၂။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်မှုများ။** ကျွန်ုပ်တို့သည် ဝန်ဆောင်မှုရယူသူအကောင့်ဖြင့် စာရင်းပေးသွင်းထားသည့် ဖုန်းနံပါတ်ကဲ့သို့သော ဝန်ဆောင်မှုရယူသူ၏ အဆက်အသွယ်မှတဆင့် ဝန်ဆောင်မှုရယူသူထံသို့ ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဝန်ဆောင်မှုရယူသူသည် အဆိုပါကဲ့သို့သော ဆက်သွယ်ဆောင်ရွက်မှုများအား လက်ခံရယူရန် သဘောတူညီပြီး ဝန်ဆောင်မှုရယူသူအကောင့်ဖြင့် မှတ်ပုံတင်ထားသည့် အီးမေးလ်လိပ်စာမှတဆင့် ဝန်ဆောင်မှုရယူသူထံသို့ ပေးပို့သည့်ဆက်သွယ်ဆောင်ရွက်မှုတိုင်းသည် သက်ဆိုင်ရာဥပဒေအရ အသိပေးအကြောင်းကြားမှုတစ်ခုခုအား ပေးပို့မှုအတွက်လည်းပဲ လုံလောက်မှု ရှိစေရမည်။

ဝန်ဆောင်မှုရယူသူ၏ အီးမေးလ်လိပ်စာပြောင်းလဲခြင်းအတွက် MPT အား အသိပေးအကြောင်းကြားရန်တာဝန်မှာ ဝန်ဆောင်မှုရယူသူ၏ တာဝန်သာဖြစ်ပြီး MPT အနေဖြင့် ဝန်ဆောင်မှုရယူသူ၏အီးမေးလ်လိပ်စာပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုရယူသူထံမှ စာဖြင့်ရေးသား ပေးပို့သောအသိပေးအကြောင်းကြားစာလက်ခံရရှိခြင်းမရှိပါက ဝန်ဆောင်မှုရယူသူ၏ ဝန်ဆောင်မှုအကောင့်ဖြင့် မှတ်ပုံတင်ထားသည့် အီးမေးလ်လိပ်စာသို့ ပေးပို့သည့်ဆက်သွယ်ဆောင်ရွက်မှုများအား ဝန်ဆောင်မှုရယူသူမှ လက်ခံမရရှိမှုအတွက် MPT တွင် မည်သည့်တာဝန်မျှရှိလိမ့်မည်မဟုတ်ပါ။

**၁၃.၃။ ဆက်လက်အကျိုးသက်ရောက်ခြင်း။** ဤအသေးစိတ်စည်းကမ်းချက်များအထဲမှ ပြဋ္ဌာန်းချက်တစ်ခုခုသည် တရားမဝင်မှု (သို့မဟုတ်) အတည်ပြုဆောင်ရွက်မရမှုဖြစ်သည်ဟုသတ်မှတ်ပါက ကျန်ပြဋ္ဌာန်းချက်များအား ထိခိုက်မှုမရှိစေဘဲ ဥပဒေမှ ခွင့်ပြုထားသည့် အတိုင်းအတာအထိ တရားဝင်ဖြစ်စေပြီး အတည်ပြုဆောင်ရွက်နိုင်စေရမည်။

**၁၃.၄။ တောင်းဆိုပိုင်ခွင့်ကို စွန့်လွှတ်ခြင်း။** ပြဋ္ဌာန်းချက်ရှိသည်မှတပါး ဤအသေးစိတ်စည်းကမ်းချက်များအရ တာဝန်တစ်ခုနှင့်စပ်လျဉ်း၍ အခွင့်အရေးတစ်ခုအား ကျင့်သုံးရယူရန် (သို့မဟုတ်) လုပ်ဆောင်ချက်တစ်ခုအား လုပ်ဆောင်ရန် ပျက်ကွက်ခြင်းသည် စာချုပ်ဝင်တစ်ဦး၏ အဆိုပါအခွင့်အရေးအား အချိန်မရွေး ကျင့်သုံးရယူနိုင်စွမ်း (သို့မဟုတ်) အဆိုပါ လုပ်ဆောင်ချက်တစ်ခုအား လုပ်ဆောင်နိုင်စွမ်းအား ထိခိုက်မှုမရှိစေရ၊ ချိုးဖောက်မှုတစ်ခုအတွက် တောင်းဆိုပိုင်ခွင့်အား စွန့်လွှတ်ခြင်းသည် နောက်ဆက်တွဲဖြစ်ပေါ်လာသော ချိုးဖောက်မှုအား စွန့်လွှတ်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။

**၁၃.၅။ တာဝန်လွှဲပြောင်းခြင်း။** ဝန်ဆောင်မှုရယူသူသည် MPT ၏ စာဖြင့်ရေးသားထားသည့် သဘောတူညီမှုကို ကြိုတင်ရယူခြင်းမရှိဘဲ ၎င်းနှင့်စပ်လျဉ်းသည့် ဝယ်သူနှင့်သဘောတူညီချက် (သို့မဟုတ်) အခွင့်အရေးများ (သို့မဟုတ်)

တာဝန်များအား အခြားသောဝန်ဆောင်မှုရယူသူတစ်ဦးဦးထံသို့ တာဝန်ခွဲဝေပေးခြင်း (သို့မဟုတ်) လွှဲပြောင်းပေးခြင်း မပြုလုပ်ရ။

**၁၃.၆။** MPT သည် ဝယ်သူနှင့်သဘောတူညီချက်တစ်ခုခုအရ ၎င်း၏အခွင့်အရေးများ၊ အကျိုးစီးပွားနှင့် တာဝန်များ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အုပ်စုအဖွဲ့ဝင်ကုမ္ပဏီတစ်ခုခု (သို့မဟုတ်) ဆက်ခံမည့်သူတစ်ဦးဦး (သို့မဟုတ်) တတိယလူပုဂ္ဂိုလ်တစ်ဦးဦးထံသို့ လွှဲပြောင်းပေးနိုင်သည်။

**၁၃.၇။ ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်း။** ဤအသေးစိတ်စည်းကမ်းချက်များအား MPT မှ အခါအားလျော်စွာ ပြင်ဆင်ခြင်းနှင့် ပြောင်းလဲခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ပြီး အသိပေးအကြောင်းကြားသည့်နေ့ရက်၌ (သို့မဟုတ်) ထုတ်ပြန်သောနေ့ရက်၌ (သို့မဟုတ်) MPT မှ အခြားနည်းဖြင့် သတ်မှတ်ထားသည့်အတိုင်း အကျိုးသက်ရောက်စေရမည်။ ဤအသေးစိတ်စည်းကမ်းချက်များအား အဆိုပါကဲ့သို့ပြင်ဆင်ခြင်း (သို့မဟုတ်) ပြောင်းလဲခြင်းတို့အတွက် အသိပေးအကြောင်းကြားခြင်းကို MPT မှ သတ်မှတ်ဆုံးဖြတ်သော သင်လျော်သည့်နည်းလမ်းဖြင့် ဝန်ဆောင်မှုရယူသူထံသို့ ပေးပို့မည်ဖြစ်ပြီး အဆိုပါနည်းလမ်းတို့တွင် MPT ဝက်ဘ်ဆိုက်၌ (သို့မဟုတ်) MPT IPTV ဝက်ဘ်ဆိုက်၌ ပို့စ်တင်ပေးထားခြင်းလည်းပါဝင်သည်။

**၁၃.၈။ ဆက်လက်တည်ရှိခြင်း။** ဝယ်သူနှင့်သဘောတူညီချက်သည် ၎င်းတွင်ပါရှိသည့်စည်းကမ်းချက်များအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း၊ တစ်နည်းနည်းဖြင့် သက်တမ်းကုန်လွန်ပြီးသည့်နောက် (သို့မဟုတ်) ရပ်ဆိုင်းသွားပြီးသည့်နောက် ရပ်ဆိုင်းသည့်နေ့ရက်မတိုင်မီက ပေါ်ပေါက်လျက်ရှိသည့် အခွင့်အရေးနှင့် တာဝန်များအားလုံးနှင့်စပ်လျဉ်း၍ ဝယ်သူနှင့် သဘောတူညီချက်အား အနက်အဓိပ္ပာယ်ကောက်ရန်အတွက်လိုအပ်သည့် (သို့မဟုတ်) စာချုပ်ဝင်တစ်ဦးချင်းစီအနေဖြင့် သေသေချာချာလေ့လာစိစစ်၍ လုပ်ဆောင်ရန်လိုအပ်သည့် စည်းကမ်းချက်၊ ပြဋ္ဌာန်းချက်များအပါအဝင် ဤအသေးစိတ် စည်းကမ်းချက်များ၌ ပြဋ္ဌာန်းထားသည့်စည်းကမ်းချက်များသည် အဆိုပါသက်တမ်းကုန်လွန်ပြီးသည့်နောက် (သို့မဟုတ်) ရပ်ဆိုင်းခြင်းပြုလုပ်ပြီးသည့်နောက်၌ ဆက်လက်အကျိုးသက်ရောက်မှုရှိစေရမည်။

**၁၄။ ကမ္ဘာ့ဖလား ballone Data Pack**

1. ဝယ်ယူထားသော Data Pack ကို MPT IPTV Application တွင်သာ အသုံးပြုနိုင်ပါသည်။
2. Data Pack အသုံးပြုနိုင်သော သက်တမ်းကာလသည် မိမိဝယ်ယူထားသော ပက်ကေ့ချ်ပေါ်လိုက်၍ ပြောင်းလဲသွားမည်ဖြစ်သည်။
3. ဝယ်ယူထားသော Data Pack အသုံးပြုပြီးနောက် (သို့) သုံးစွဲနိုင်သော ဒေတာသက်တမ်း ကျော်လွန်ပြီးနောက်တွင် ဝယ်ယူထားသော သက်ဆိုင်ရာ Data Pack (သို့မဟုတ်) သုံးသလောက်ပေးအင်တာနက်မှ ဖြတ်တောက်သွားပါမည်။
4. ကမ္ဘာ့ဖလား ballone Data Pack ကို အကြိမ် အကန့်အသတ်မရှိ ဝယ်ယူနိုင်ပါသည်။